# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အမိန့်ကြော်ငြာစာအမှတ် ၁၇၂ / ၂၀၂၃

၁၃၈၅ ခုနှစ်၊ ဝါခေါင်လဆန်း ၇ ရက်

( ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၂၃ ရက် )

**အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာအမျိုးသားအဆင့်မဟာဗျူဟာစီမံကိန်း (၂၀၂၃ - ၂၀၃၂)**
**ရေးဆွဲရေး ဦးဆောင်ကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာစီမံကိန်း (၂၀၂၃ - ၂၀၃၂) ပါ ရေိယာ (၁၂)ရပ်အား သက်ဆိုင်ရာဦးစားပေးကဏ္ဍအလိုက် ထိထိရောက်ရောက် ရေးဆွဲအကောင်အထည်ဖော်ရာတွင် လုပ်ငန်းကော်မတီများကို ကြီးကြပ်လမ်းညွှန်မှုပြုနိုင်ရန်အတွက် “ **အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာစီမံကိန်း (၂၀၂၃ - ၂၀၃၂) ရေးဆွဲရေးဦးဆောင်ကော်မတီ** ” ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဝန်ကြီး<br>နယ်စပ်ရေးရာဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ ( ၁ ) |
| (ဂ) | ဒုတိယဝန်ကြီး<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ ( ၂ ) |
| (ဃ) | ဒုတိယဝန်ကြီး<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ဒုတိယဝန်ကြီး<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

| | | |
|---|---|---|
| (ဆ) | ဒုတိယဝန်ကြီး<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ဒုတိယဝန်ကြီး<br>သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ဒုတိယဝန်ကြီး<br>သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး<br>ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ဒုတိယဝန်ကြီး<br>လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | ဒုတိယဝန်ကြီး<br>အလုပ်သမားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | ဒုတိယဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဍ) | ဒုတိယဝန်ကြီး<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဎ) | ဒုတိယဝန်ကြီး<br>အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဏ) | ဒုတိယဝန်ကြီး<br>တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (တ) | အဖွဲ့ဝင်<br>မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် | အဖွဲ့ဝင် |
| (ထ) | အမြဲတမ်းအတွင်းဝန်<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ<br>ချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဒ) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး<br>ပြည်ထောင်စုတရားလွှတ်တော်ချုပ် | အဖွဲ့ဝင် |
| (ဓ) | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် | အဖွဲ့ဝင် |

(န) ညွှန်ကြားရေးမှူးချုပ် အတွင်းရေးမှူး
လူမှုဝန်ထမ်းဦးစီးဌာန
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ
ချထားရေးဝန်ကြီးဌာန

(ပ) ဒုတိယညွှန်ကြားရေးမှူးချုပ် (လုပ်ငန်း) တွဲဖက်အတွင်းရေးမှူး
လူမှုဝန်ထမ်းဦးစီးဌာန
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ
ချထားရေးဝန်ကြီးဌာန

၂။ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာစီမံကိန်း (၂၀၂၃ - ၂၀၃၂) ရေးဆွဲရေးဦးဆောင်ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) မြန်မာနိုင်ငံမှအတည်ပြုလက်မှတ်ရေးထိုးထားသည့် အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်စေရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း၊ ဘေဂျင်းကြေငြာစာတမ်းနှင့် ဘေဂျင်းလုပ်ငန်းစီမံချက်၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်များအားအခြေခံ၍ မဟာဗျူဟာစီမံကိန်းရေးဆွဲနိုင်ရေးအတွက် သက်ဆိုင်ရာနယ်ပယ်အလိုက် လုပ်ငန်းကော်မတီများကို လိုအပ်သော လမ်းညွှန်ချက်များချမှတ်ပေးရမည်၊

(ခ) မဟာဗျူဟာစီမံကိန်း(မူကြမ်း)ရေးဆွဲရာ၌ လုပ်ငန်းကော်မတီများအားလုံး တစ်ပြေးညီဖြစ်စေရေးအတွက် မူဘောင်ချမှတ်ပေးရမည်၊

(ဂ) မဟာဗျူဟာစီမံကိန်း(မူကြမ်း)ရေးဆွဲရာတွင် မိမိတို့သက်ဆိုင်ရာဌာနများ၏ မူဝါဒများ၊ စီမံကိန်းများနှင့်ချိတ်ဆက်၍ ကျား၊ မ ရေးရာအား ထည့်သွင်းစဉ်းစားဆောင်ရွက်နိုင်ရေး သေချာစေရန် ဆောင်ရွက်ပေးရမည်၊

(ဃ) သက်ဆိုင်ရာကဏ္ဍအလိုက် အမျိုးသမီးများ၏ အခွင့်အရေးများနှင့် ကျား၊ မ ဆိုင်ရာကိစ္စရပ်များကို ထိရောက်စွာဆောင်ရွက်နိုင်ရန် ဝန်ကြီးဌာနများ အချင်းချင်း ပူးပေါင်းဆောင်ရွက်ရမည်၊

(င) သက်ဆိုင်ရာလုပ်ငန်းကော်မတီအလိုက် လုပ်ငန်းများအချိန်မီပြီးမြောက်ရေး Timeline သတ်မှတ်ပေးရမည်၊

(စ) လုပ်ငန်းကော်မတီများမှ ကဏ္ဍအလိုက်ရေးဆွဲတင်ပြသော စီမံကိန်း(မူကြမ်း)များ အပေါ် ပြန်လည်သုံးသပ်ခြင်း၊ စိစစ်အတည်ပြုပေးခြင်း ဆောင်ရွက်ရမည်၊

(ဆ) မဟာဗျူဟာစီမံကိန်း(မူကြမ်း) ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ တင်ပြ၍ အတည်ပြုချက်ရယူရမည်။

၃။ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၃၂) ရေးဆွဲရေးဦးဆောင်ကော်မတီသည် လုပ်ငန်းများထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သည့်လုပ်ငန်းကော်မတီများ ဖွဲ့စည်းဆောင်ရွက်သွားရန်ဖြစ်သည်။

၄။ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၃၂) ရေးဆွဲရေးဦးဆောင်ကော်မတီ ကို ပြင်ဆင်ဖွဲ့စည်းရန်လိုအပ်ပါက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၏ ခွင့်ပြုချက်ဖြင့် ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၅။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၉ - ၁၁ - ၂၀၂၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၂၀၁ / ၂၀၂၂ နှင့် ၂၁ - ၄ - ၂၀၂၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၉၂ / ၂၀၂၃ တို့ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်ပါသည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး